# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

December 3 , 2024 Volume 85 , Number 2


၃.၁၂.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၆.၁၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၅၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၉.၇၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၁.၉၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၈၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၀၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆောင်းနှမ်းဧက ၅ သိန်းခွဲကျော် စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးမည်



ဆောင်းသီးနှံဧက ၅ သိန်းခွဲကျော်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂဒေသအပါ အဝင် ခရိုင် ၁၃ ခရိုင်တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုး ရေးဦးစီးဌာနက သိရသည်။

“ ဆောင်းနှမ်း ၅၅၇,၉၃၅ ဧက စိုက်ဖို့လျာထားပြီး အခုနှစ် အောက်တိုဘာလပထမ ပတ်က စတင်စိုက်ပျိုးခဲ့တာ နိုဝင်ဘာလ ၂၈ ရက်အထိ ဆောင်းနှမ်း ၅၃၅,၆၄၉ ဧက စိုက် ပျိုးပြီးစီးပြီဖြစ်ပါတယ် ” ဟု စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ပြည်တွင်းစားသုံးဆီဖူလုံစေရန်နှင့် တောင်သူများသီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ် ပြီး ဆင်းရတနာ-၃ ၊ သိပ္ပံ နှမ်းနက်၊ ရိုးစိမ်း၊ ရုပ်ကလေး နှမ်းမျိုးများကို အထွက်နှုန်း ကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များ စိုက်ပျိုးပြီး တောင်သူလယ်သမားများဆောင်းနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင် ဖြစ်ထွန်းရေးအတွက်စီစဉ်ဆောင်ရွက်ပေးနေကြောင်းသိရသည်။

“လိုအပ်တဲ့စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီ ထောက်ပံ့ခြင်းများကိုတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနကအနီးကပ်ကြီးကြပ်လမ်းညွှန် မှုနဲ့သက်ဆိုင်ရာခရိုင်၊မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းတွေကကူညီထောက်ပံ့ဆောင် ရွက်လျက်ရှိပါတယ်” ဟုစိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

ဆောင်းနှမ်းများကို စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ၁၄ ဧက၊ နာဂဒေသတွင် ၂၀ ဧက၊ မော်လိုက်ခရိုင်တွင် ၁၅၁၁ ဧက၊ တမူးခရိုင်တွင် ၂၄၁၁ ဧက၊ ကလေးခရိုင်တွင် ၆၀၉၃ ဧက၊ မုံရွာခရိုင်တွင် ၆၆,၉၉၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၇၇,၉၈၀


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

ကော၊ ရွှေဘိုခရိုင်တွင် ၉၆,၄၅၀ ကော၊ ရေဦးခရိုင်တွင် ၂၂,၃၇၅ ကော၊ ကန့်ဘလူခရိုင်တွင် ၁၁၀,၇၄၉ ကော၊ စစ်ကိုင်း ခရိုင်တွင် ၉၆,၈၀၃ ကော၊ ကသာခရိုင်တွင် ၄၆,၇၇၁ ကော၊ ကောလင်းခရိုင်တွင် ၂၉,၇၆၇ ကော၊ စုစုပေါင်း ၅၅၇,၉၃၅ ကောကို လျာထားစိုက်ပျိုးလျက်ရှိကြောင်းသိရသည်။

**Source : Popular News Journal**

## ပြည်တွင်း ၊ ပြည်ပကဝယ်ယူမှုများပြား၍ စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ



ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် စားတော်ပဲကို ပြည်တွင်း၊ ပြည်ပဝယ်ယူမှုများပြား၍ဈေးကွက်အတွင်းအရောင်းအဝယ်ကောင်းမွန်နေကြောင်း ပဲကုန်သည်များထံက သိရသည်။

လက်ရှိပြည်တွင်းမှ ထွက်ရှိသည့် စားတော်ပဲများကို ရန်ကုန်၊ လားရှိုးအပါအဝင် မန္တလေးမြို့မှ ကုန်သည်များအနေဖြင့် အဝယ်များပြားလျက်ရှိပြီး ပြည်တွင်းဈေးကွက်အပြင် ပြည်ပကပါဝယ်ယူမှုများပြားနေခြင်းကြောင့်အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာကြောင်း သိရသည်။

"ဒီရက်ပိုင်း ပဲဈေးက နည်းနည်းပြန်တတ်လာတယ်။ အရင်ကစားတော်ပဲကို ပြည်ပဝယ်လိုအားက သိပ်မရှိဘူး။ ပြည်တွင်းဝယ်ယူမှုများတာပေါ့။ အခုပြည်ပကလည်း အဝယ်လိုက်တယ်။ အဓိကတရုတ်ပေါ့"ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

မန္တလေးဈေးကွက်အတွင်း စားတော်ပဲကို ကုန်သည်များဝယ်ယူမှုများပြားလာသည့်အပြင် အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် စားတော်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၄၅၀,၀၀၀ ဈေးရှိကြောင်း သိရသည်။

**Source : Popular News Journal**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ထပ်မံမြင့်တက်လာ တစ်ပိသာ ငွေကျပ် ၇၃၀၅ ဖြစ်



စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း ဆက်လက်မြင့်တက်လာရာ တစ်ပိသာ ငွေကျပ် ၇၃၀၅ ဖြစ်လာပြီး ယခင်သီတင်းပတ်ထက် ငွေကျပ် ၂၅ ကျပ် ထပ်မံ မြင့်တက်လာကြောင်းသိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့မှ ဒီဇင်ဘာ ၈ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ၇၃၀၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်းဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းနှင့်မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**Source : မကွေးဂျာနယ်**

## မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့်မြေထောက်ပဲ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိ



မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ကုလားပဲနှင့် မြေထောက်ပဲ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်းမန္တလေးကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ပဲ၊ ပြောင်း၊ နှမ်း စသည့် ကုန်စည်များထဲတွင် ကုလားပဲနှင့် မြေထောက်ပဲအမျိုးအစားမှာပြည်တွင်းဈေးကွက်အတွင်း ယခင်လက အရောင်းအဝယ်မှာ ပုံမှန်အတိုင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် ကုလားပဲနှင့်မြေထောက်ပဲအမျိုး အစားများကိုကုန်သည်များ ဝယ်ယူမှုပြန်လည်များပြားလာပြီးအရောင်းအဝယ်မှာလည်းပြန်လည်ကောင်းမွန်ခဲ့ကြောင်းသိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ကုလားပဲနဲ့ မြေထောက်ပဲတွေ အရောင်းအဝယ်ပြန်ဖြစ်နေတဲ့အပြင် တခြား ပြောင်း၊ ဂျုံ၊ တရုတ်ပဲကြီး စတဲ့ကုန်စည်တွေလဲ ဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ပြီးကောင်းနေတယ်။ ကျန်တဲ့ ပဲတီစိမ်းစတဲ့ကုန်စည်တွေကတော့ ပုံမှန်အတိုင်းပဲ အရောင်းအဝယ်ဖြစ်နေပါတယ်" ၎င်းက ပြောပြသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်း ဈေးကွက်အတွင်း လက်ရှိပေါက်ဈေးအရ ကုလားပဲ V2 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀၊ ကုလားပဲ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၅,၀၀၀၊ ကုလားပဲ TW သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ ကုလားပဲ 929 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၈၃,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ ပဲ၊ နှမ်းဈေးကွက် အနေအထားအရ မြေထောက်ပဲမှာလည်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး ပေါက်ဈေးအရ မြေထောက်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

မန္တလေး ပဲ၊ ပြောင်း၊ နှမ်းဈေးကွက်အတွင်း ပေါက်ဈေးအရ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၈၀,၀၀၀၊ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ငရုတ်သီးစိုက်တောင်သူများ အကျိုးအမြတ်ရ



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ သီးနှံမျိုးစုံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိရာ နတ်ပုတီးကျေးရွာတွင် ငရုတ်သီးကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး စုစုပေါင်း ငါးဧကခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ငရုတ်သီးကို ဩဂုတ်လနောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် ခူးဆွတ်နိုင်ကြောင်း၊ မျိုးအနေဖြင့် ကျောက်စိမ်းမျိုးကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် အပင်ရေ ၁၆,၀၀၀ ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ကြဲပက်စနစ် ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၁၇ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်သီးကိုစတင် ထွက်ရှိသည့် အချိန်မှစ၍ တစ်ပတ်လျှင် တစ်ကြိမ် ခူးဆွတ်ရပြီး နှစ်လခွဲခန့်အကြာထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၆၀၀-၁၀၀၀ ခန့်အထိ ထွက်ရှိကာ တစ်ပိဿာလျှင် ကျပ် ၆၀၀၀-၆၅၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၂ သိန်းခန့်အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဝက်ပုတ်မြို့နယ်နှင့် ပေါင်းတည်မြို့နယ် တို့ရှိသီးနှံပွဲရုံများသို့ တင်ပို့လျက်ရှိပြီး ထိုမှတစ်ဆင့် ရန်ကုန်တိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့သို့ တင်ပို့လျက်ရှိကြောင်း ယခုနှစ်တွင် ငရုတ်သီးဈေးနှုန်း ကောင်းမွန်လျက်ရှိသောကြောင့် ငရုတ်စိုက်တောင်သူများအကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းမော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှရန်ကုန်ဈေးကွက်သို့ယခုနှစ် အောက်တိုဘာလအတွင်းက ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်အိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ နိုဝင်ဘာလအတွင်း ထိုင်းဘေးကျားဆန်အမျိုးအစား အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျားဆန် အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ အဲဒီဆန်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ လက်ရှိပြည်တွင်း ဆန် ၊စပါးဈေးကွက်မှာကို ထိုင်းဘေးကျားဆန်အမျိုးအစားက အဝယ်လိုက်နေတာဖြစ်ပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျားဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေ ကျပ် ၇၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: ရတနာပုံ သတင်းစာ**

## ငဖဲမြို့နယ်၌ စိုက်ပျိုးထားသည့် စားဖိုဆောင်သီးနှံမုန်လာဥများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်ရှိ ဒေသခံတောင်သူများသည် မြေအောက်ရေဖြင့် ရာသီအလိုက် သီးနှံများကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ်ဆောင်းရာသီတွင် စားဖိုဆောင်သီးနှံမုန်လာဥများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း၍ နေ့စဉ်ရောင်းချရကာ မိသားစုအဆင်ပြေလျက်ရှိကြောင်း သိရသည်။

မုန်လာဥစိုက်ပျိုးရန် ထွန်ယက်ထားသော မြေကွက်တွင် ပေါင်လုပ်၍ မျိုးစေ့ချစိုက်ပျိုးရန် ကျင်းဖော်ရကြောင်း၊ တစ်ကျင်းနှင့်တစ်ကျင်း ၆ လက်မအကွာ တစ်တန်းနှင့်တစ်တန်း ၂ ပေခန့် ထားရှိစိုက်ပျိုးရကြောင်း၊စိုက်ပျိုးပြီး ငါးရက်ခန့်အကြာတွင် အပင်များစတင်ပေါက်လာ၍ အပင်ပေါက်ပြီး ၁၀ ရက်ခန့်ရလျှင် မြေဩဇာကျွေး၍ မြေတောင်မြှောက်ပေးရကြောင်း ၊စိုက်ပျိုးပြီး တစ်လခန့်အကြာတွင် ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးထွက်ရှိတဲ့ မုန်လာဥ၊ခရမ်းသီး၊ကိုက်လန် စတဲ့စားဖိုဆောင်သီးနှံတွေကို ငဖဲမြို့မဈေးမှာ သွားရောက် ရောင်းချပါတယ်။ စိုက်ခင်းတွေမှာ ဖောက်သည်လာဝယ်သူတွေလည်း ရှိပါတယ်။ရာသီအလိုက် ပြောင်းဖူး၊စားဖိုဆောင်ဟင်းသီးဟင်းရွက်နဲ့ ဘုရားပန်းစတာတွေကို နေ့စဉ်မပြတ်စိုက်ပျိုးရောင်းချရတယ်"ဟု ဒေသခံတောင်သူ တစ်ဦးက ပြောသည်။

ငဖဲမြို့နယ်၌ မြို့မရပ်ကွက်၊ချင်းစုရပ်ကွက်အိုးမြေတွင်းကျေးရွာနှင့်ပန်းထိမ်ကျေးရွာတို့၌ မြေအောက်ရေနှင့်မန်း ချောင်းရေကို အသုံးပြု၍ ကိုင်းမြေတွင် တစ်နိုင်တစ်ပိုင်ရာသီအလိုက်ဟင်းသီးဟင်းရွက်နှင့် သီးနှံများ၊မေမြို့ပန်းနှင့် ဂန္ဓာမာပန်းများ စိုက်ပျိုးရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ကုန်သွယ်မှုထိန်းချုပ်ခြင်းကို အလွဲသုံးစားလုပ်ခြင်းအား တရုတ်နိုင်ငံက ပြတ်ပြတ်သားသားဆန့်ကျင်

ပို့ကုန်ထိန်းချုပ်ရေး အစီအမံများကိုအလွဲသုံးစားလုပ်မှုနှင့်အမေရိကန်ကတရုတ်စီးပွားရေးလုပ်ငန်းများအပေါ် ခွဲခြားဆက်ဆံသည့် ကန့်သတ်ချက်များကို တရုတ်နိုင်ငံက ပြတ်ပြတ်သားသား ဆန့်ကျင်ပြီး တရုတ်-အမေရိကန် စီးပွားရေးနှင့်ကုန် သွယ်မှု

ဆက်ဆံရေးတည်ငြိမ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမေရိကန်အနေဖြင့် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သင့်သည်ဟု တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အမေရိကန်အစိုးရသည် တရုတ်နိုင်ငံမှ ချစ်ပ်ထုတ်လုပ်သည့်လုပ်ငန်း ၂၀၀ ကျော်ကိုထိခိုက်စေသည့် ပိတ်ဆို့အရေးယူမှုအစီအစဉ်သစ်တစ်ရပ်ကို စတင်လုပ်ဆောင်နိုင်သည်ဟု ကြေညာခဲ့သည့်သတင်းအပြီးတွင် ဝန်ကြီးဌာနကထို့သို့ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊မကြာသေးမီကအမေရိကန်ကုန်သည်ကြီးများအသင်းမှ ၎င်း၏အသင်းဝင်များထံပေးပို့သော အီးမေးလ်အရ အမေရိကန်အစိုးရသည် အမေရိကန်ကုန်ပစ္စည်းရောင်းချသူအများစုကို အဆိုပါတရုတ်ချစ်ပ်ထုတ်လုပ်သူများထံ ကုန်ပစ္စည်းများ တင်ပို့ခြင်းမပြုရန် တားမြစ်ထားကြောင်း သိရသည်။

ထိုလုပ်ဆောင်ချက်သည် နိုင်ငံတကာစီးပွားရေးနှင့်ကုန်သွယ်မှုလုပ်ငန်းများကို ဆိုးရွားစွာထိခိုက်စေပြီး ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက်၏ လုံခြုံရေးနှင့် တည်ငြိမ်မှုကို အနှောင့်အယှက်ဖြစ်စေကာ တရုတ်နှင့် အမေရိကန်လုပ်ငန်းများ၏ အကျိုးစီးပွားကိုထိခိုက်စေပြီး ကမ္ဘာတစ်ဝန်း တစ်ပိုင်းလျှပ်ကူးပစ္စည်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်စေကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဈေးကွက်စီးပွားရေးဆိုင်ရာ ဥပဒေများနှင့် တရားမျှတသောယှဉ်ပြိုင်မှုဆိုင်ရာနိယာမများကို အမေရိကန်ကလေးစားမည် ဟု တရုတ်နိုင်ငံက မျှော်လင့်ထားကြောင်း၊ အကယ်၍ အမေရိကန်က ၎င်း၏ ထိန်းချုပ်မှုကို ပိုမိုမြင့်တင်ပါက တရုတ်နိုင်ငံသည် တရုတ်စီးပွားရေးလုပ်ငန်းများ၏ တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ခိုင်မာစွာကာကွယ်ရန် လိုအပ်သော အစီအမံများကိုလုပ်ဆောင်လိမ့်မည်ဟု ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ He Yadong က ပေကျင်းမြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်ရွေးကောက်ခံသမ္မတ Donald Trump က ၎င်း၏ သမ္မတသက်တမ်း ပထမဆုံးနေ့မှစပြီး တရုတ်နိုင်ငံက တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အကောက်ခွန် ၁၀ ရာခိုင်နှုန်း ထပ်တိုးကောက်ခံမည်ဟု သတင်းများထွက်ပေါ်နေသည်ဟု ဖော်ပြထားကြောင်း သိရသည်။

တစ်ဖက်သတ်အကောက်ခွန်စည်းကြပ်မှုအပေါ် တရုတ်နိုင်ငံအနေဖြင့် တစ်သမတ်တည်း ဆန့်ကျင်ကန့်ကွက်ကြောင်း၊ အမေရိကန်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏စည်းမျဉ်းများကို လိုက်နာပြီး အပြန်အလှန်လေးစားမှု၊ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်ရေးနှင့် အပြန်အလှန် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုဆိုသည့် မူများအပေါ် အခြေခံ၍ တည်ငြိမ်သော စီးပွားရေးနှင့်ကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ပထဝီနိုင်ငံရေးတင်းမာမှုများနှင့် ကုန်သွယ်မှုကာကွယ်ရေးဝါဒကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ မရေရာမှုများကြားတွင် အမေရိကန်ကုမ္ပဏီများသည် တရုတ်နိုင်ငံတွင် ၎င်းတို့၏တိုးတက်မှုအလားအလာအတွက်အားတက်သရော လုပ်ဆောင်နေပြီး တရုတ် လုပ်ငန်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကိုပိုမိုခိုင်မာစေရန်စီစဉ်နေကြောင်း အမေရိကန်ကုမ္ပဏီများက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံတွင်အဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်မှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ရေရှည်ရပ်တည်နိုင်ရန်အတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟု အမေရိကန်စက်မှုထုတ်ကုန်ထုတ်လုပ်သည့်လုပ်ငန်းတစ်ခုဖြစ်သည့် Ingersoll Rand Inc က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံရှိ ဖောက်သည်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ လိုအပ်ချက် များကို နားလည်လာပြီး အံဝင်ခွင်ကျဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်သွားမည်ဟု မြောက်ကာရိုလိုင်းနားအခြေစိုက် Davidson အဖွဲ့၏ အကြီးတန်းဒုတိယဥက္ကဋ္ဌ အာနိုးလီက ပြောကြားခဲ့သည်။

Source: https://www.chinadaily.com.cn/a/202411/29/WS67491b07a310f1265a1d0360.html

**စီးပွားရေးသံမှူး၊ နန်နင်းမြို့**

https://myantrade.gov.mm/article/npt-31220240930

## ဂျပန်အစိုးရအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုများပြားသည့် ကုမ္ပဏီများအား Carbon Emissions Trading System တွင် ပါဝင်စေရေး ဆောင်ရွက်သွားမည်

နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၁ သိန်းအထက် ထုတ်လွှတ်သည့် ကုမ္ပဏီများအနေဖြင့် ဂျပန်အစိုးရ၏ Carbon Emissions Trading System တွင် ၂၀၂၆ ခုနှစ်မှ စတင်၍ မဖြစ်မနေပါဝင်ရန် လိုအပ်လာ မည်ဖြစ်ကြောင်း ဂျပန်စက်မှုဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း ၂၁-၁၁-၂၀၂၄ ရက်နေ့ထုတ် The Asahi Shimbun သတင်းစာတွင် "Japan to force firms with high emissions to join carbon trading" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်း၌ ဂျပန်အစိုးရအနေဖြင့် Carbon Emissions Trading System တွင် သံမဏိ၊ လျှပ်စစ်၊ လေယာဉ်၊ သယ်ယူပို့ဆောင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်သည့် ကဏ္ဍများမှ ကုမ္ပဏီ ၃၀၀ မှ ၄၀၀ အထိပါဝင်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါစနစ်အရ ကုမ္ပဏီတစ်ခုချင်းစီမှ ကာဗွန်ဒိုင်အောက်ဆိုက် အများဆုံးထုတ်လွှတ်ခွင့်ရှိမည့် ပမာဏအားသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ပမာဏ ကျော်လွန်ထုတ်လွှတ်သည့် ကုမ္ပဏီများအား ဒဏ်ကြေးငွေများ ပေးဆောင်စေမည်ဖြစ်ကြောင်း၊ ကာဗွန်အခွန်စနစ်တစ်ခု ဖြစ်သည့် Emissions Trading System သည် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုအပေါ် မူတည်၍ ဒဏ်ငွေကောက်ခံခြင်းဖြစ်ကြောင်းနှင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချစေရေး အထောက်အပံ့ဖြစ်စေရန် ကမ္ဘာတစ်ဝန်းတွင် အဆိုပါစနစ်ကို ကျင့်သုံးလျက် ရှိကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် အစိမ်းရောင်အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အောက်မှ Emissions Trading System ကို ၂၀၂၃ ဘဏ္ဍာနှစ်မှစတင်၍ စမ်းသပ်ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ပါဝင် ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီအနည်းငယ်သာရှိခဲ့ကြောင်းနှင့် ၂၀၂၆ ဘဏ္ဍာနှစ်မှ စတင်၍ ကုမ္ပဏီ များအနေဖြင့် Emissions Trading System တွင် မဖြစ်မနေ ပါဝင်ရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ Emissions Trading System အပြည့်အဝအကောင်အထည်ဖော်ခြင်းကို ၂၀၂၇ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လွန်ခဲ့သော ၃ နှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှအားဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် တန်ချိန် ၁ သိန်း အထက် ထုတ်လွှတ်ခဲ့သည့် ကုမ္ပဏီများအနေဖြင့် Emissions Trading System တွင် မဖြစ်မနေ ပါဝင်ရန် လိုအပ်လာမည် ဖြစ်ကြောင်း၊ ဂျပန်အစိုးရအနေဖြင့် ဂျပန်နိုင်ငံမှနှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက်အများဆုံးထုတ်လွှတ်နိုင်မည့်ပမာဏကိုသတ်မှတ်ကာ ကုမ္ပဏီများကို ခွဲဝေသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း၊သတ်မှတ်ထားသည့်ပမာဏအောက်လျှော့နည်းထုတ်လွှတ်သည့် ကုမ္ပဏီများအနေဖြင့် ပိုလျှံသည့်ပမာဏကို အခြားသောကုမ္ပဏီများသို့ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ သတ်မှတ်ခွင့်ပြုပမာဏထက် ကာဗွန်ဒိုင်အောက်ဆိုက်ပိုမိုထုတ်လွှတ်သည့်ကုမ္ပဏီများအနေဖြင့်လိုအပ်သည့်ပမာဏအတွက်ဝယ်ယူသုံးစွဲရန်လိုအပ်လာမည်ဖြစ်ကြောင်း၊ ဝယ်ယူသုံးစွဲသည့်ပမာဏထက် ပိုမို၍ ကျော်လွန်ထုတ်လွှတ်ခဲ့ပါက ဒဏ်ငွေများနှင့် အခြားသော ပြစ်ဒဏ်များကိုကျခံရမည်ဖြစ် ကြောင်း၊ ကုမ္ပဏီတစ်ခုချင်းစီအလိုက် အများဆုံးထုတ်လွှတ်ခွင့်ရှိမည့် ကာဗွန်ဒိုင်အောက်ဆိုက်ခဲတင်ငွေ့ပမာဏကို တွက်ချက်ခြင်းအား လာမည့်လများအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source: The Asahi Shimbun**

**စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**

https://myantrade.gov.mm/article/Naypyitawstp_021220240410

## ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်၏ အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံပါက နေ့စဉ်သုံးကုန်ပစ္စည်း များ ဈေးနှုန်းမြင့်လာနိုင်ခြင်း

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်အနေဖြင့် ၎င်း၏ရွေးကောက်ပွဲမဲဆွယ်စည်းရုံးပွဲများတွင် ကတိပြုခဲ့သည့်အတိုင်း သွင်းကုန်အားလုံးအပေါ် အကောက်ခွန်နှုန်းကို တိုးမြှင့်ကောက်ခံမည်ဆိုပါက နေ့စဉ်သုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်လာနိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းလျက်ရှိကြပါသည်။

အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံခြင်းသည် ငွေကြေးဖောင်းပွမှုကို ဖြစ်စေနိုင်မည်သကဲ့သို့ ကုန်သွယ်ရေးစစ်ပွဲဖြစ်လာနိုင်ခြေလည်းရှိကြောင်း၊ထိုသို့ဖြစ်လာနိုင်ခြေရှိသည့်အခြေအနေများမှာ ယခင်ရက်သတ္တပတ်အတွင်း ဒေါ်နယ်ထရမ့်က အမေရိ

ကန်နိုင်ငံ၏ အဓိကကုန်သွယ်ဘက်နိုင်ငံများဖြစ်သည့် ကနေဒါ၊ မက္ကဆီကိုနှင့်တရုတ်တို့ကို အကောက်ခွန်နှုန်းအသစ်ကောက်ခံမည်ဟု ၎င်း၏ လူမှုကွန်ရက်တွင် ရေးသားဖော်ပြခြင်းကြောင့်ဖြစ်ပြီး ဒေါ်နယ်ထရမ့်က ၎င်းသမ္မတရာထူးယူသည့် ပထမဆုံးနေ့တွင် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ တင်သွင်းသည့်ကုန်စည်များအားလုံးကို အကောက်ခွန် ၂၅ ရာခိုင်နှုန်းအထိတိုးမြှင့် ကောက်ခံရန်အမိန့်ထုတ်ပြန်ရေးလက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း၊တရုတ်နိုင်ငံမှတင်သွင်းသည့်ကုန်စည်များကို သတ်မှတ်ကောက်ခံသည့် အကောက်ခွန်နှုန်း ၁၀ရာခိုင်နှုန်း ထပ်တိုးကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သည် ၎င်း၏ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများတွင် သွင်းကုန်အားလုံးကိုအကောက်ခွန်နှုန်း ၁၀ မှ ၂၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ တရုတ်သွင်းကုန်အားလုံးကို အကောက်ခွန် ၆၀ ရာခိုင်နှုန်းအထိလည်းကောင်း ကောက်ခံသွားမည်ဟု အဆိုပြုထားရာ လက်ရှိတွင်တရုတ်နိုင်ငံ၏သွင်းကုန်များအပေါ်ကောက်ခံသည့်အကောက်ခွန်နှုန်းသည် အဆိုပြုနှုန်းထက်နည်းသဖြင့် နောက်ပိုင်းတွင် အကောက်ခွန်နှုန်းတိုးမြှင့်ရန် ထုတ်ပြန်လာနိုင်ကြောင်း၊ မြောက်အမေရိကန်နိုင်ငံများ၏ ဈေးကွက် မှာ တစ်ခုနှင့်တစ်ခုပေါင်းစည်းလျက်ရှိရာ အကယ်၍အကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံပါက ကုန်ထုတ်လုပ်မှုထောက်ပံ့ရေး ကွင်းဆက်အပေါ်ကြီးမားသည့်ပြတ်တောက်မှုများဖြစ်ပေါ်လာနိုင်ကြောင်း၊ အကောက်ခွန်နှုန်းတစ်ပြေးညီကောက်ခံခြင်းသည်ငွေကြေးဖောင်းပွမှုကိုဖြစ်စေပြီး အမေရိကန်မိသားစုများနှင့် အလုပ်သမားများကိုထိခိုက်စေမည်ဖြစ်ကြောင်း၊ လက်လီရောင်းချသည့် အမေရိကန်ကုမ္ပဏီများဖြစ်သော Walmart နှင့် Lowe တို့ကလည်းအကောက်ခွန်နှုန်းတိုးမြှင့်ကောက်ခံမည်ဆိုပါက ၎င်းတို့ကုန်ပစ္စည်းများကို ဈေးနှုန်းတိုးမြှင့်ရောင်းချရနိုင်သည်ဟုပြောကြားခဲ့ကြကြောင်း၊အမေရိကန်နိုင်ငံ၏အကြီးဆုံးကုန်သွယ်ဘက်မက္ကဆီ ကိုနိုင်ငံမှသွင်းကုန်တန်ဖိုးသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှစက်တင်ဘာလအထိအမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံခန့်ရှိကြောင်း၊ မက္ကဆီကိုနိုင်ငံမှ အဓိကသွင်းကုန်များမှာ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်အစိတ်အပိုင်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့နှင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများဖြစ်ကြောင်း၊ ထို့ပြင် မက္ကဆီကိုနိုင်ငံမှ အရက်နှင့်ပရိဘောဂသွင်းကုန်တန်ဖိုးမှာလည်းများပြားကြောင်းသိရသည်။

အမေရိကန်နိုင်ငံသို့ ကနေဒါနိုင်ငံမှ သွင်းကုန်များမှာတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံကျော်ရှိသည်ဟု အစိုးရဌာနအချက်အလက်များအရသိရှိပြီး ကနေဒါနိုင်ငံမှ အဓိကသွင်းကုန်များမှာ ရေနံစိမ်း၊ဓာတ်ငွေ့နှင့်ကျောက်မီးသွေး အပါအဝင်စွမ်းအင်ကဏ္ဍသုံး အခြားပစ္စည်းများဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံသည် ဆယ်စုနှစ်အတွင်း ကနေဒါရေနံစိမ်းတင်သွင်းမှုများမြင့်တက်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံပို့ကုန်အားလုံး၏ ၁၅ ရာခိုင်နှုန်းကို တင်သွင်းသည့်နိုင်ငံဖြစ်ပြီး အဓိကတင်သွင်းသည့်ကုန်ပစ္စည်း များမှာ ကွန်ပျူတာနှင့် စမတ်ဖုန်းများအပါအဝင် လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ၊ ကလေးကစားစရာများ၊ အားကစားပစ္စည်းများ၊ပရိဘောဂ၊ ဖိနပ်အမျိုးမျိုး၊ အဝတ်အထည်နှင့် အထည်အလိပ်အမျိုးမျိုးကို တင်သွင်းကြောင်းလည်း သိရသည်။

အကယ်၍ ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်ကသာ၎င်းအဆိုပြုထားသည့် အကောက်ခွန်နှုန်းထားသစ်အစီအစဉ်ကို အကောင်အထည်ဖော်ပါက စားသုံးသူများအတွက် နေ့စဉ်သုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ပါသည်။

ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်းသုံးသစ်များဖြစ်သည့် ပုံကြမ်းတည်ဆောက်ခြင်း၊ ကြမ်းခင်းများခင်းခြင်းနှင့် ဗီရိုနှင့်ပရိဘောဂများအပါအဝင် အိမ်တွင်းအလှဆင်ရာတွင် အသုံးပြုသည့်သစ်များကို ကနေဒါနိုင်ငံမှ ဒေါ်လာဘီလီယံပေါင်းများစွာ အသုံးပြု၍ ဝယ်ယူလျက်ရှိရာ အိမ်ဆောက်လုပ်သည့် စရိတ်စကလည်းမြင့်တက်လာမည်ဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံမှ သွင်းကုန်များအစား အခြားနိုင်ငံများမှ ပြောင်းလဲတင်သွင်းလျက်ရှိသော်လည်း အထူးသဖြင့် စမတ်ဖုန်းအများအပြားကို တရုတ်နိုင်ငံမှသာ တင်သွင်းလျက်ရှိကြောင်း၊ မက္ကဆီကိုနိုင်ငံမှ အမေရိကန်နိုင်ငံသို့ မော်တော်ယာဉ်နှင့်လျှပ်စစ်ပစ္စည်းများအပြင် နေ့စဉ်သုံး စားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဘီယာ၊ သစ်သီးဖျော်ရည်၊အသီးအနှံနှင့် ဟင်းသီး ဟင်းရွက်များစွာကို အဓိကတင်သွင်းလျက်ရှိပါကြောင်း သိရသည်။

၂၀၁၈ ခုနှစ်တွင် သမ္မတဒေါ်နယ်ထရမ့်က တရုတ်နိုင်ငံမှ သွင်းကုန်များကိုအကောက်ခွန်ကောက်ခံမည့်ဥပဒေကို လက်မှတ်ရေးထိုးပြီးနောက် အကောက်ခွန်နှုန်းများ မြင့်တက်ခဲ့သော်လည်း အမေရိကန်နိုင်ငံသားများ၏ နိုင်ငံခြားကုန်ပစ္စည်းဝယ်လိုအား ကျဆင်းသွားခြင်းမရှိသကဲ့သို့ နိုင်ငံခြားကုန်ပစ္စည်းများ အမေရိကန်နိုင်ငံသို့ နည်းလမ်းများစွာဖြင့် ဝင်ရောက်လာခဲ့ကြကြောင်း၊

အမေရိကန်နိုင်ငံ၏စုစုပေါင်းသွင်းကုန်တန်ဖိုးသည် ၂၀၁၇ ခုနှစ်တွင် ၂ ဒသမ ၃ ထရီလီယံရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၁ ထရီလီယံသို့ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း တရုတ်နိုင်ငံမှ အဓိကတင်သွင်းသည့်ပစ္စည်းများမှာ တစ်ပိုင်းလျှပ်ကူး ပစ္စည်းများ Semiconductors၊ သားရေအိတ်များနှင့် ခရီးဆောင်ကွန်ပျူတာများဖြစ်ပြီး ယင်းပစ္စည်းများ၏ သွင်းကုန်သည် တရုတ်နိုင်ငံမှ စုစုပေါင်းသွင်းကုန်၏ ၃၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ တရုတ်ကုမ္ပဏီကြီးများသည် ယခင်နှစ်မှစ၍ မက္ကဆီကို၊ ဗီယက်နမ်၊ မလေးရှားနိုင်ငံ နှင့် ထိုင်ဝမ်သို့ ကုန်ထုတ်လုပ်မှုကို ရွှေ့ပြောင်းထုတ်လုပ်ခဲ့ကြကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံထုတ်သွင်းကုန်များသည် စုစုပေါင်းသွင်းကုန် အားလုံး၏ ၁၄ရာခိုင်နှုန်းသာရှိခဲ့ရာ နှစ်ပေါင်း၂၀အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အမေရိကန်နိုင်ငံသို့တင်သွင်းခဲ့သည့် စမတ်ဖုန်းများမှာ အိန္ဒိယ၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံ တို့မှဖြစ်ပြီး လွန်ခဲ့သော ၆နှစ်အတွင်း ၄၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ ခရီးဆောင် ကွန်ပျူတာနှင့် Tablet ၊ ဗွီဒီယိုဂိမ်း များတွင်အသုံးပြုသည့် Memory Chips များသည်လည်း ဗီယက်နမ်နှင့် ထိုင်ဝမ်တို့မှ တင်သွင်းမှုမြင့်တက်ခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် တွင် တရုတ်နိုင်ငံမှ တင်သွင်းသည့် မီးဖိုချောင်သုံးဗီရိုတန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ဘီလီယံရှိခဲ့သော်လည်း နောက်ပိုင်း တွင် ၎င်းပစ္စည်းများကို ဗီယက်နမ်နိုင်ငံမှ တင်သွင်းမှုများလာခဲ့ကြောင်း၊ ကလေးကစား စရာပစ္စည်းများ၊ အားကစားသုံးပစ္စည်း ကိရိယာများနှင့် Videogames Consoles များကို တရုတ်နိုင်ငံမှ တင်သွင်းမှုများပြားပြီး ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံရှိပြီး ၂၀၁၇ ခုနှစ်ထက် ၂၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ အလားတူပင် Lithium-ion batteries တင်သွင်းမှုသည် ၂၀၁၇ ခုနှစ်မှစ၍ မြင့်တက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း Lithium-ion batteries နှင့် Videogames Consoles သွင်းကုန် ၇၀ ရာခိုင် နှုန်းသည် တရုတ်နိုင်ငံမှဖြစ်ကြောင်း သိရသည်။

ရွေးကောက်ခံသမ္မတဒေါ်နယ်ထရမ့်သည် ၎င်း၏လိုလားချက်များကိုရရှိရန်အတွက် အကောက်ခွန်နှုန်းတိုးမြှင့်သတ်မှတ် ကောက်ခံခြင်းဖြင့် အကျပ်ကိုင်နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုလျက် ၎င်း၏ ကုန်သွယ်ဖက်နိုင်ငံများအပေါ် အသာစီးရရှိရန် ညှိနှိုင်းခြင်းကို သမ္မတရာထူးတာဝန်လွှဲပြောင်းမယူမီ အချိန်ကပင်ပြုလုပ်လျက်ရှိပြီး ၎င်း၏နည်းလမ်းကိုမလိုက်နာပါက ဒဏ်ပေး သည့်နည်းလမ်းဖြင့် လုပ်ဆောင်လာနိုင်ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူးဝါရှင်တန်ဒီစီ။**

https://myantrade.gov.mm/article/Naypyitawstp_031220240934

## STOCK EXCHANGE (3.12.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 3rd Dec. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,661 (Shares) | 7,024,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 128 | 1,075,200 | 33,109,694 | 278,121 |
| MTSH | 00002 | 3,200 | -50 | -1.54% | 3,250 | 3,250 | 3,200 | 280 | 896,050 | 38,929,150 | 124,573 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 1 | 8,400 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | -50 | -2.50% | 1,950 | 1,950 | 1,950 | 503 | 980,850 | 29,664,613 | 57,846 |
| TMH | 00005 | 3,150 | +50 | +1.61% | 3,150 | 3,150 | 3,150 | 98 | 308,700 | 12,823,224 | 40,393 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,061 | 1,831,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +100 | +2.17% | 4,500 | 4,700 | 4,500 | 3 | 13,900 | 10,497,598 | 49,339 |
| MAEX | 00008 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 587 | 1,909,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 3rd Dec. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 397.61 | -3.31 | -0.83% | 398.16 | 398.16 | 396.50 | 2,661 | 7,024,100 | 8 | 749,966 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 3rd Dec. 2024

| Trading Volume | Trading Value |
|---|---|
| 2,719 (Shares) | 7,221,300 (MMK) |

## Main Board

As of 1:00 pm, 3rd Dec. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,661 (Shares) | 7,024,100 (MMK) |

| MYANPIX | 397.61 ▼ 3.31 |
|---|---|
| Total Volume (shares) | 2,661 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 749,966 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 3,200 | ▼ 50 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 1,950 | ▼ 50 |
| TMH | 00005 | 3,150 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 100 |
| MAEX | 00008 | 3,250 | ▼ 50 |